# မန္တလေးတိုင်းဒေသကြီးလမ်းများ၊ တံတားများဆိုင်ရာ နည်းဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | - |
| ၂ | အခန်း(၂) | လမ်း၊ တံတားများနှင့် လမ်းနယ်နိမိတ်များ သတ်မှတ်ခြင်း | ၁ | - |
| ၃ | အခန်း(၃) | လမ်း၊ တံတားများ ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း | ၁ | ၃ |
| ၄ | အခန်း(၄) | လမ်း၊ တံတား ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စီးပွားရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း | ၄ | ၆ |
| ၅ | အခန်း(၅) | လမ်းတံတားများကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်းတံတား နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း | ၆ | - |
| ၆ | အခန်း(၆) | ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း | ၇ | - |
| ၇ | အခန်း(၇) | လမ်း၊ တံတားများပေါ်တွင် မောင်းနှင်သွားလာနိုင်သည့် ယာဉ်နှင့် ဘီး အမျိုးအစားများ၊ ယာဉ်နှင့် ဝန်တင်အလေးချိန်များ၊ လှည်းနှင့် ဘီးကွပ်များ သတ်မှတ်ခြင်း | ၇ | ၁၀ |
| ၈ | အခန်း(၈) | အထွေထွေ | ၁၁ | - |

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ညာစာအမှတ်၊**

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆုတ် ၁၁ ရက်**

**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် လမ်းများ၊ တံတားများ ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **လမ်းများ၊ တံတားများဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

## အခန်း(၂)

## လမ်း၊ တံတားများနှင့် လမ်းနယ်နိမိတ်များ သတ်မှတ်ခြင်း

၂။ ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍-

(က) လမ်း၊ တံတားများကို သတ်မှတ်ကြော်ငြာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်ကြော်ငြာရာတွင် လမ်း၊ တံတား အမျိုးအစားနှင့် အဆင့်လိုက် လမ်း၊ တံတား နယ်နိမိတ်များကို သတ်မှတ်ရမည်။

၃။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည်-

(က) လမ်း၊ တံတားများ အကျယ်နယ်နိမိတ်အတွင်း၌ လမ်း၊ တံတား အရှည်မိုင်တိုင်နှင့် လမ်း၊ တံတားနယ်နိမိတ်အဆုံး တစ်ဖက်တစ်ချက်တွင် လမ်းနယ်မှတ်တိုင်များ၊ လမ်းညွှန်အမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များ စိုက်ထူထားရမည်။

(ခ) လမ်း၊ တံတားအမျိုးအစားနှင့် အဆင့်လိုက် လမ်းပခုံးအကျယ်ကို သတ်မှတ်နိုင်သည်။

## အခန်း(၃)

## လမ်း၊ တံတားများ ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း

၄။ ဝန်ကြီးဌာနသည်

(က) လမ်း၊ တံတားများ ဖောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ရမည်။

(ခ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းများ ဖောက်လုပ်ရန် လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ရမည်။

(ဂ) လမ်း၊ တံတားများ ဖောက်လုပ်ရေးစီမံကိန်းများကို သတ်မှတ် လျာထားချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ရမည်။

(ဃ) လမ်း၊ တံတားများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် လိုအပ်ပါက တည်ဆဲဥပဒေများနှင့်အညီ မြေသိမ်းယူခြင်းနှင့် အဆောက်အအုံဖယ်ရှားခြင်းများကို သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(င) နည်းဥပဒေခွဲ(ဃ)အရ ဆောင်ရွက်ရာတွင် လျော်ကြေးပေးရန်ကိစ္စ၊ လျော်ကြေးနှုန်း သတ်မှတ်ရေးကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အာဏာပိုင်အဖွဲ့အစည်းများ နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(စ) လမ်း၊ တံတားများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၅။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည်-

(က) ဝန်ကြီးဌာနက ချမှတ်သည့်လမ်း၊ တံတားများ ဖောက်လုပ်သည့် နှစ်တို၊ နှစ်ရှည် စီမံကိန်းများနှင့် အထူးစီမံကိန်းများကို သတ်မှတ်လျာထားချက်အတိုင်း အကောင် အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) ဖောက်လုပ်ထားသည့် လမ်း၊ တံတားများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်ရမည်။

(ဂ) လမ်း၊ တံတားများ ပျက်စီးခြင်းမရှိစေရန် တားမြစ်ချက် ဆိုင်းဘုတ်များကို စိုက်ထူ ထားရမည်။

(ဃ) လမ်း၊ တံတားများ နယ်နိမိတ်အတွင်း ဈေးဆိုင်ခင်းကျင်း၍ဖြစ်စေ၊ ကုန်စည်များ စုပုံ၍ဖြစ်စေ ဈေးရောင်းချခြင်းကိစ္စကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(င) လမ်း၊ တံတားများ၏ နယ်နိမိတ်အတွင်း လိုအပ်သောသစ်ပင်များကို သတ်မှတ်သည့် နည်းစနစ်အတိုင်းစိုက်ပျိုးပြီး အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းဖယ်ရှားရမည်။

(စ) လမ်း၊ တံတားများပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းများ၏ တင်ပြချက်အပေါ် အဆုံးအဖြတ်ပေးရမည်။ လိုအပ်ပါက ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဆ) လမ်း၊ တံတားများ အသစ်များဖောက်လုပ်ရေးအတွက် လမ်းအူကြောင်းရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ပေးခြင်း၊ လမ်းသားတည်ဆောက်ပေးခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ရမည်။

(ဇ) လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများနှင့် အထွေထွေ စီမံကိန်းများ ချမှတ်နိုင်ရေးအတွက် လိုအပ်မည့်မှတ်တမ်းမှတ်ရာများနှင့် အချက် အလက်များကို စုဆောင်းထားရှိရမည်။

(ဈ) လမ်း၊ တံတားများဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပ နိုင်ငံများနှင့် နည်းပညာဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင် သည်။

၆။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်း၊ တံတားများ တိုးချဲ့ရာတွင် လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်း၊ လမ်း၊ တံတားများ တစ်ခုလုံးကိုဖြစ်စေ၊ လမ်း၊ တံတား၏ အစိတ်အပိုင်းကိုဖြစ်စေ ဖြတ်သန်းသွားလာခြင်းကို အချိန်ကာလသတ်မှတ်၍ ပိတ်ထား နိုင်သည်။ ထိုသို့ ပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ပေးပြီး သင့်လျော်သည့် နေရာများတွင် သတိပေးဆိုင်းဘုတ်များ စိုက်ထူရမည်။

၇။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းလွှဲဖောက်လုပ်ခြင်း မပြုနိုင်မီ ကိစ္စတစ်ခုခုကြောင့် လမ်းပိတ်ထားရန် အကြောင်းပေါ်ပေါက်ပါက ကြိုတင်မခန့်မှန်းနိုင်သော ကိစ္စမှအပ အများပြည်သူသိရှိစေရန် ကြိုတင်ကြေညာရမည်။

၈။ (က) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မိမိ၏ လုပ်ငန်း လိုအပ်ချက်အရ လမ်းမကြီးကို ဖြတ်သန်း၍ မြေပေါ်မြေအောက် ပိုက်လိုင်းဆက်သွယ် ခြင်း၊ မြေပေါ်မြေအောက် လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ခြင်း၊ မြေပေါ် မြေအောက်ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း စသည် တို့ကို ပြုလုပ်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းရမည်။

(ခ) ဝန်ကြီးဌာန၏ သဘောတူညီချက်ရရှိပါက ပြုလုပ်မည့်အစီအစဉ်နှင့် အသေးစိတ် အချက်အလက်များကို တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြု ချက်ကို ရယူ၍ဆောင်ရွက်ရမည်။

## အခန်း(၄)

## လမ်း၊ တံတား ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စီးပွားရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း

၉။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နှစ်တို၊ နှစ်ရှည် စီမံကိန်းနှင့် အထူး စီမံကိန်းများအရ ဆောင်ရွက်သော လမ်း၊ တံတားဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေအရ လမ်းနှင့်တံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းများကို စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းရှင် တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ရန် ရှိလျှင်သော်လည်းကောင်း၊ စီးပွားရေးအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့်ပြုမည့် လမ်း၊ တံတားများနှင့်သက်ဆိုင်သည့် လိုအပ်သော အချက်အလက်များကို ဖော်ပြ၍ အများပြည်သူသိရှိစေရန် ထုတ်ပြန် ကြေညာရမည်။

၁၀။ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးဦးသည် လမ်း၊ တံတား များ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် လမ်းနှင့်တံတား အသုံးပြုခြင်း ဆိုင်ရာ ဥပဒေအရ လမ်းနှင့်တံတား အသုံးပြုခ ကောက်ခံခြင်းဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်နှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက် လိုလျှင်ဖြစ်စေ၊ စီးပွားရေးအဖွဲ့အစည်း တစ်ခုချင်း သို့မဟုတ် ပုဂ္ဂလိက လုပ်ငန်းရှင် တစ်ဦးချင်းအနေဖြင့် လုပ်ကိုင်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ ခွင့်ပြုချက်ရရှိရန် အောက်ပါ အချက်များကို ဖော်ပြ၍ ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

(က) လျှောက်ထားသည့် အဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာ၊ စီးပွားရေးလုပ်ငန်းအမျိုးအစားနှင့် တည်ရှိရာ ဒေသ

(ခ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် လမ်း၊ တံတားများ၊ လမ်း အကျယ်၊ အရှည်နှင့် တည်နေရာ၊

(ဂ) မတည်ငွေရင်းနှင့် ရင်းနှီးမြှုပ်နှံမည့် ခန့်မှန်းခြေငွေကြေး ပမာဏ၊ (ပြည်တွင်းသုံးငွေ၊ နိုင်ငံခြားသုံးငွေ)

(ဃ) ငွေရေးကြေးရေးအစီအစဉ်နှင့် ပိုင်ဆိုင်မှုအထောက်အထားများ

(င) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် နှစ်ကာလအပိုင်းအခြား၊

(စ) ခန့်မှန်းခြေဝင်ငွေနှင့် ကုန်ကျစရိတ်

(ဆ) လုပ်ငန်းတွင် အသုံးပြုရန် လိုအပ်မည့် စက်ယန္တရားအမျိုးအစား၊ အရေအတွက်၊ စက်သုံးဆီလိုအပ်ချက်နှင့် ဝယ်ယူတင်သွင်းမည့် အစီအစဉ်

(ဓ) လမ်းနှင့်တံတား အသုံးပြုခ ကောက်ခံရငွေ စုစုပေါင်းမှ နိုင်ငံတော်သို့ ပေးသွင်းမည့် ရာခိုင်နှုန်းနှင့် နှစ်အပိုင်းအခြား

(ဈ) လမ်းဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းလုပ်ကိုင်ခြင်းတို့နှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံဆိုင်ရာ အချက်အလက်များ

၁၁။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၁၀ အရ လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် လမ်းနှင့်တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး-

(က) စီးပွားရေးအဖွဲ့အစည်း တစ်ခုခုနှင့်ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦးဦးနှင့်ဖြစ်စေ စည်းကမ်းချက်များ သတ်မှတ်၍ ပဋိညာဉ်စာချုပ် ချုပ်ဆိုစေပြီး ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုနိုင်သည်။

(ခ) စီးပွားရေးအဖွဲ့အစည်းတစ်ခုခုအားဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ စည်းကမ်းချက်များသတ်မှတ်၍ ပဋိညာဉ်စာချုပ် ချုပ်ဆိုစေပြီး ရာခိုင်နှုန်းပြည့်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ပြုနိုင်သည်။

၁၂။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် နည်းဥပဒေ ၁၁ အရ ဝန်ကြီးဌာနက ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော သို့မဟုတ် ပုဂ္ဂလိကအား ရာခိုင်နှုန်းပြည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုရမည်။

၁၃။ နည်းဥပဒေ ၁၂ အရ ပဋိညာဉ်စာချုပ်ချုပ်ဆိုပြီးသော စီးပွားရေး အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည်-

(က) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရဖြစ်စေ အာမခံချက်၊ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို ရရှိခံစားလိုပါက ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက် ကို ဖော်ပြ၍ ဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ လျှောက်ထားရမည်။ ထိုသို့ လျှောက်ထားရာတွင် ဝန်ကြီးဌာနက နည်းဥပဒေ ၁၁ အရ ထုတ်ပေးသော ခွင့်ပြုချက်နှင့်အတူ နည်းဥပဒေ ၁၂ အရ ချုပ်ဆိုသော ပဋိညာဉ်စာချုပ်ကို ပူးတွဲ၍ တင်ပြရမည်။

(ခ) ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့် ပဋိညာဉ်စာချုပ်ပါ သဘောတူညီချက်များကို လိုက်နာရမည်။

(ဂ) ဝန်ကြီးဌာနက လမ်းနှင့်တံတား အသုံးပြုခကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော ယာဉ်များကို လမ်းနှင့်တံတား အသုံးပြုခ ကောက်ခံခြင်းမပြုရ။

## အခန်း(၅)

## လမ်းတံတားများကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်းတံတား နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း

၁၄။ လမ်းတံတားများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း ပြုလုပ်လိုသူသည် ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်။

၁၅။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် နည်းဥပဒေ ၁၄ အရ လျှောက်ထားချက်ကို စိစစ်ပြီး လမ်းမကြီးတွင် ယာဉ်အသွားအလာနှင့် အများပြည်သူတို့၏ သွားလာမှုကို အနှောင့်အယှက်သော်လည်းကောင်း၊ ထိခိုက်ခြင်း သော်လည်းကောင်း၊ မဖြစ်စေရန် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

၁၆။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်းအတွက်လည်းကောင်း၊ လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းအတွက်လည်းကောင်း၊ နည်းဥပဒေ-၁၅ အရ ခွင့်ပြုချက်ထုတ်ပေးရာတွင် ဒေသအခြေအနေနှင့် လုပ်ငန်းအမျိုးအစားကို မူတည်၍ ခွင့်ပြုရမည့်ကာလကို သတ်မှတ်ပေးရမည်။

၁၇။ လမ်းတံတားများကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခွင့်၊ ဆောက်လုပ်ခွင့် သို့မဟုတ် လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခွင့်ရရှိသူသည် -

(က) တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်နှင့်အညီ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်းပြုရာတွင် ယာဉ်နှင့် အများပြည်သူတို့၏ သွားလာမှုကို အနှောင့်အယှက် သော်လည်းကောင်း၊ ထိခိုက်ခြင်းသော်လည်းကောင်း မဖြစ်စေရန် ဆောင်ရွက်ရမည်။

(ခ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခွန်အခကို ပေးဆောင်ရမည်။

(ဂ) တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ထုတ်ထားသော ခွင့်ပြုချက်ကို အများပြည်သူမြင်သာသည့်နေရာတွင် ချိတ်ဆွဲထားရှိရမည်။

(ဃ) မိမိ၏ဆောင်ရွက်မှုကြောင့် လမ်းတံတားကို တစ်စုံတစ်ရာပျက်စီးစေပါက တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သတ်မှတ်ထားသည့်တန်ဖိုးကို ပေးလျော်ရမည်။

## အခန်း(၆)

## ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း

၁၈။ လမ်းတံတား၏ နယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ် စိုက်ထူလိုသူသည် ခွင့်ပြုချက်ရရှိရန် ကြော်ငြာဆိုင်းဘုတ် နမူနာပူးတွဲ၍ သတ်မှတ်ချက်နှင့်အညီ မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်။

၁၉။ (က) မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် နည်းဥပဒေ-၁၈အရ လျှောက်ထားချက်ကို စိစစ်ပြီး မိမိ၏ လုပ်ပိုင်ခွင့်အတွင်းဖြစ်ပါက ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ မိမိ၏ လုပ်ပိုင်ခွင့်အတွင်း မဟုတ်ပါက ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။

(ခ) ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နည်းဥပဒေခွဲ (က)အရ ဆက်လက် တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက် ထုတ်ပေးပြီး သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၀။ ကြော်ငြာဆိုင်းဘုတ်စိုက်ထူရန်အတွက် သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်ရရှိသူသည် လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကြော်ငြာဆိုင်းဘုတ်ခွန်ကို ပေးဆောင်ရမည်။

၂၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အစိုးရဌာန၊ အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းအတွက်ဖြစ်စေ၊ ဘာသာရေး သို့မဟုတ် လူမှုရေးကိစ္စများအတွက်ဖြစ်စေ၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်းအတွက် ကျသင့်သည့်ကြော်ငြာဆိုင်းဘုတ်ခွန်ကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း(၇)

## လမ်း၊ တံတားများပေါ်တွင် မောင်းနှင်သွားလာနိုင်သည့် ယာဉ်နှင့် ဘီး အမျိုးအစားများ၊ ယာဉ်နှင့် ဝန်တင်အလေးချိန်များ၊ လှည်းနှင့် ဘီးကွပ်များ သတ်မှတ်ခြင်း

၂၂။ လမ်းမကြီးပေါ်တွင် မောင်းနှင်သည့် နှစ်ဘီးတပ်ယာဉ်များ၏ တာယာ အတိုင်းအတာများမှာ အောက်ပါအတိုင်းဖြစ်စေရမည်-

(က) စက်တပ်ယာဉ် (မော်တော်ဆိုင်ကယ်)ဖြစ်ပါက တာယာအကျယ် (အနံ)သည် ၂ ၁/၂" ထက် မငယ်ရ။

(ခ) ၁/၂" တန်ထက် မပိုသည့်ယာဉ် (ဘေးတွဲယာဉ်၊ နောက်တွဲယာဉ်) ဖြစ်ပါက တာယာ အကျယ်(အနံ)သည် ၃ ၁/၂" ထက် မငယ်ရ။

(ဂ) ½" တန်ထက်ပိုပြီး ၁ တန်ထက်မပိုသည့်ယာဉ် (နောက်တွဲယာဉ်) ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၆" ထက် မငယ်ရ။

(ဃ) ၁ တန်ထက်ပိုပြီး ၁½" တန်ထက် မပိုသည့်ယာဉ် (နောက်တွဲယာဉ်) ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၇" ထက် မငယ်ရ။

၂၃။ လမ်းမကြီးပေါ်တွင် မောင်းနှင်သည့် အလေးချိန် ၁ တန်နှင့်အထက် တင်ဆောင်နိုင်သည့် ယာဉ်များ၏ တာယာအတိုင်းအတာများမှာ အောက်ပါ အတိုင်းဖြစ်စေရမည်-

(က) ယာဉ်၏ဝင်ရိုးဝန်ထမ်းအလေးချိန်မှာ ၁½ တန်ထက် မပိုသည့် ယာဉ်ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၆" ထက် မငယ်ရ။

(ခ) ယာဉ်၏ ဝင်ရိုးဝန်ထမ်းအလေးချိန် ၁½ တန်ထက်ပိုပြီး ၂ တန်ထက် မပိုသည့် ယာဉ်ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၇" ထက် မငယ်ရ။

(ဂ) ယာဉ်၏ ဝင်ရိုးဝန်ထမ်းအလေးချိန် ၂ တန်ထက်ပိုပြီး ၅ တန်ထက် မပိုသည့် ယာဉ်ဖြစ်ပါ က တာယာအကျယ်(အနံ)သည် ၈" ထက် မငယ်ရ။

(ဃ) ယာဉ်၏ ဝင်ရိုးဝန်ထမ်းအလေးချိန် ၅ တန်ထက်ပိုပြီး ၇ တန်ထက် မပိုသည့် ယာဉ်ဖြစ်ပါက တာယာအကျယ် (အနံ)သည် ၉" ထက် မငယ်ရ။

(င) ယာဉ်၏ ဝင်ရိုးဝန်ထမ်းအလေးချိန် ၇ တန်ထက်ပိုပြီး ၈ တန်ထက် မပိုသည့်ယာဉ် ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၁၀" ထက် မငယ်ရ။

(စ) ယာဉ်၏ ဝင်ရိုးဝန်ထမ်းအလေးချိန် ၈တန်ထက်ပိုသည့်ယာဉ် ဖြစ်ပါက တာယာအကျယ်(အနံ)သည် ၁၁" ထက် မငယ်ရ။

၂၄။ လှည်းများ ဖြတ်သန်းသွားလာရမည့် လမ်းခရီး၌ လျှိုမြောင်၊ ချောက်ကမ်းပါး သို့မဟုတ် ချောင်းတည်ရှိနေသည့် အခြေအနေမှအပ လမ်းတံတားများပေါ်တွင် လှည်းကို မောင်းနှင်ခြင်းမပြုရ၊ လျှိုမြောင်၊ ချောက်ကမ်းပါး သို့မဟုတ် ချောင်း တည်ရှိနေလျှင်မူ ယင်းတည်ရှိသောနေရာကို ရှောင်ရှား ဖြတ်ကျော်နိုင်ရန်အလို့ငှာလမ်း၊ တံတားများပေါ်တွင် လှည်းဘီး၌ တာယာ အုပ်ထားသည့် လှည်း သို့မဟုတ် မော်တော်ကားတာယာဘီး တပ်ဆင်ထားသည့် လှည်းကိုသာ မောင်းနှင်နိုင်သည်။

၂၅။ မည်သူမျှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ -

(က) လမ်း၊ တံတားများ၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း (သို့မဟုတ်) မြေတူးယူခြင်း။

(ခ) လမ်းမကြီးများ၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း။

၂၆။ မည်သူမျှ-

(က) ဥပဒေနှင့်အညီ လမ်းများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

(ခ) လမ်း၊ တံတားများပေါ်တွင် မောင်းနှင်သွားလာခြင်း မပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင် အလေးချိန်ပါ ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ဘီးကွပ်ကို အသုံးပြုခြင်း၊

(ဂ) လမ်း၊ တံတားများ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

(င) လမ်း၊ တံတားများ၏ နယ်နိမိတ်အတွင်း လမ်းနှင့်တံတား၏ မြေပြင်အနေအထားကို ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(စ) လမ်း၊ တံတားနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက် မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊

(ဆ) လမ်း၊ တံတားနယ်နိမိတ်အတွင်း စားသောက်ဆိုင်များ၊ ဈေးဆိုင်များ ဆောက်လုပ် တည်ခင်းရောင်းချခြင်း၊

(ဇ) တံတားများ၏ မြစ်ချောင်းအထက်နှင့် အောက်ဖက်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ အကွာအဝေး သတ်မှတ်ချက်အတွင်း တံတားကို ထိခိုက်စေမည့် စိုက်ပျိုး ခြင်း၊ မြစ်ကြောင်းကို ပြောင်းလဲစေခြင်း၊ ရေထိန်းရေလွှဲတမံများ တည်ဆောက်ခြင်း၊

(ဈ) လမ်းမကြီး တာဘောင်တစ်လျှောက် ရေမြောင်းကို တားဆီးပိတ်ဆို့၍ ရေလှောင်ခြင်း၊

၂၇။ မည်သူမျှ-

(က) လမ်း၊ တံတားများ၊ ပျက်စီးခြင်းမှ ကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) လမ်း၊ တံတားများတွင် လူည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) လမ်း၊ တံတားများပေါ်တွင် သွားလာမှုကို အနှောင့်အယှက်သော်လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်းကောင်း ဖြစ်စေမည့်ပစ္စည်းကို တမင်ထားရှိခြင်း၊

(ဃ) လမ်း၊ တံတားများပေါ်တွင်လည်းကောင်း၊ လမ်းပုခုံးပေါ်တွင် လည်းကောင်း သွားလာမှုကို အနှောင့်အယှက်ဖြစ်စေမည့် ဈေးရောင်းချခြင်းနှင့် ယာဉ်ကို လိုအပ်သည်ထက်ပို၍ အချိန်ကြာမြင့်စွာ ရပ်နားထားခြင်း သို့မဟုတ် ရပ်တန့်ပြုပြင်ခြင်း၊

(င) လမ်း၊ တံတားများရှိ မိုင်တိုင်၊ လမ်းနယ်နိမိတ်မှတ်တိုင်၊ လမ်းညွှန် အမှတ်အသား၊ တံတားလက်ရမ်းများနှင့် သတိပေးဆိုင်းဘုတ်များကို ဖျက်ဆီးခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊

(စ) လမ်းများ၏ နယ်နိမိတ်အတွင်း သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ မြေ၊ အုတ်၊ သဲ၊ ကျောက်၊ ကျောက်စရစ် သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို စုပုံထားရှိခြင်း၊ မြေကို တူးဆွခြင်း၊ တူးယူခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် မြေအနေအထား ပြောင်းလဲစေခြင်း၊

(ဆ) လမ်းများ၏ လမ်းမျက်နှာပြင်ပေါ်တွင် တိရစ္ဆာန်များကို မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း၊ ချည်ထားခြင်း၊ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်း၊

(ဇ) လမ်းများ၏ နယ်နိမိတ်အတွင်း တိရစ္ဆာန်မွေးမြူခြင်း၊

(ဈ) လမ်းများ၏ လမ်းမျက်နှာပြင်ကို ထိခိုက်ပျက်စီးစေနိုင်မည့် ဆောက်လုပ်ရေးပစ္စည်းများ၊ ယာဉ်များမောင်းနှင်ခြင်း၊အခြားပျက်စီးစေနိုင်သည့်ပစ္စည်းများ သယ်ယူခြင်း၊ ဆွဲယူခြင်း၊ ပြုလုပ်ခြင်း၊

(ည) လမ်းများ၏ လမ်းမျက်နှာပြင်နှင့် လမ်းပုခုံးကို ဖျက်ဆီးခြင်း၊ ဖြိုဖျက်ခြင်း၊ ပိုင်းဖြတ်ခြင်း သို့မဟုတ် အရှိန်သတ်ခုံငယ်များ ပြုလုပ်ခြင်း၊

(ဋ) လမ်းမျက်နှာပြင်၊ လမ်းပုခုံးနှင့် တံတားလက်ရမ်းများတွင် ယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေမည့် ပစ္စည်းတစ်စုံတစ်ရာ ကို နေလှန်းခြင်း၊ ထားရှိခြင်း၊

၂၈။ မည်သူမဆို

(က) နည်းဥပဒေ ၂၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက မန္တလေးတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေပုဒ်မ ၂၂ အရ အရေးယူခြင်းခံရမည်။

(ခ) နည်းဥပဒေ ၂၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက မန္တလေးတိုင်းဒေသကြီး လမ်းများတံတားများ ဥပဒေပုဒ်မ ၂၃ အရ အရေးယူခြင်းခံရမည်။

(ဂ) နည်းဥပဒေ ၂၇ နှင့် ၂၈ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက မန္တလေးတိုင်းဒေသကြီးလမ်းများ၊ တံတားများ ဥပဒေပုဒ်မ ၂၄ အရ အရေးယူခြင်းခံရမည်။

## အခန်း(၈)

## အထွေထွေ

၂၉။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းမကြီး၏ နယ်နိမိတ်အတွင်း တစ်စုံတစ်ရာ ဖောက်လုပ်ရန်၊ ဆောက်လုပ်ရန်နှင့် အဆောက်အအုံဆောက်လုပ်ရန် ခွင့်ပြုခြင်း အတွက်လည်းကောင်း၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူရန် ခွင့်ပြုခြင်းအတွက်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအဆင့်ဆင့်အလိုက် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေး ရမည်။

၃၀။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကိုဖြစ်စေ၊ သက်ဆိုင် ရာ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဖြစ်စေ လွှဲအပ်တာဝန်ပေးနိုင်သည်။

၃၁။ သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းမကြီးများ ရေရှည်တည်တံ့နိုင်ရန် အလို့ငှာထိန်းသိမ်းစောင့်ရှောက်ရေးအတွက် လိုအပ်သလို ပြုပြင်ခြင်း၊ ကြပ်မတ်ခြင်း၊ တားဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ရာတွင်လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး အကူအညီကို ရယူနိုင်သည်။

ဝန်ကြီး

လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန